# ရေနံနှင့်ရေနံထွက်ပစ္စည်းဆိုင်ရာလုပ်ငန်းများလုပ်ကိုင်ဆောင်ရွက်နေသည့် လုပ်ငန်းရှင်များသို့ နှိုးဆော်အသိပေးခြင်း

၁။ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနမှ လုပ်ငန်းလိုင်စင်ခွင့်ပြုထုတ်ပေးထားသည့် စက်သုံးဆီအရောင်းဆိုင်လုပ်ငန်းအပါအဝင် အခြားရေနံနှင့်ရေနံထွက်ပစ္စည်းဆိုင်ရာလုပ်ငန်းများနှင့်ပတ်သက်၍ သတ်မှတ်စည်းမျဉ်းစည်းကမ်းများနှင့်အညီ လုပ်ကိုင်ဆောင်ရွက်နိုင်ရန်၊ မီးဘေးအန္တရာယ်ကင်းရှင်းစေရန်နှင့် လုံခြုံရေးဆိုင်ရာကိစ္စရပ်များ အထူးဂရုပြုဆောင်ရွက်နိုင်ရန်အတွက် အောက်ဖော်ပြပါအချက်များအား တိကျစွာသိရှိလိုက်နာဆောင်ရွက်ရန်လိုအပ်မည်ဖြစ်ပါသည်-

(က) ဝန်ထမ်းများအနေဖြင့် လုပ်ငန်းခွင်အတွင်းလက်ကိုင်ဖုန်းအသုံးမပြုစေရန်နှင့် သက်ဆိုင်ရာလုပ်ငန်းကျွမ်းကျင်သင်တန်းများ၊ မီးဘေးအန္တရာယ်ကာကွယ်ရေးဆိုင်ရာ သင်တန်းများတက်ရောက်စေရန်၊

(ခ) စက်သုံးဆီသယ်ယူပို့ဆောင်သည့် ယာဉ်များ (Bowser၊ Tank Trailer) များ လုပ်ငန်းဆောင်ရွက်ရာတွင် ဘေးအန္တရာယ်ကင်းရှင်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်ရမည့် သတ်မှတ်ချက်များနှင့်အညီတိကျစွာ လိုက်နာဆောင်ရွက်ရန်၊

(ဂ) စက်သုံးဆီတင်/ချ၊ ဖြည့်တင်း၊ ဖြန့်ဖြူးရောင်းချရာတွင် တည်ငြိမ်လျှပ်စစ် ဖြစ်ပေါ်စေနိုင်သည့် ပလက်စတစ်ပိုက်/ လည်ချောင်းပိုက်များ လုံးဝ(လုံးဝ) အသုံးမပြုရန်နှင့် Rubber Hose ပိုက်များကိုသာ သတ်မှတ်ချက်နှင့်အညီအသုံးပြုရန်၊

(ဃ) လုပ်ငန်းခွင်အတွင်းအသုံးပြုသည့် လျှပ်စစ်နှင့်ဆက်စပ်ပစ္စည်းများနှင့်ပတ်သက်၍ Flame Proof အမျိုးအစားပစ္စည်းများကိုသာအသုံးပြုရန်၊

(င) လျှပ်စစ်သွယ်တန်းခြင်း၊ အသုံးပြုခြင်း Transformer တည်ဆောက်အသုံးပြုခြင်းများအား မြို့နယ်လျှပ်စစ်အင်ဂျင်နီယာရုံးနှင့်ဆက်သွယ်၍ စစ်ဆေးခြင်း/ ပြုပြင်ခြင်းများဆောင်ရွက်ရန်နှင့် ဘေးအန္တရာယ်ကင်းရှင်းစေရန်အတွက် မြို့နယ်လျှပ်စစ်အင်ဂျင်နီယာရုံး၏သတ်မှတ်ကာလများအတိုင်း စစ်ဆေးမှုခံယူဆောင်ရွက်ရန်၊

(စ) မီးဘေးလုံခြုံရေးနှင့်မီးဘေးအန္တရာယ်ကင်းရှင်းစေရန်အတွက် မီးဘေးကာကွယ်ရေးပစ္စည်းများအား မီးသတ်ဦးစီးဌာန၏ သတ်မှတ်ချက်များနှင့်အညီဆောင်ရွက်ရန်၊ မီးသတ်ဦးစီးဌာနမှဖွင့်လှစ်သည့် အခြေခံမီးသတ်သင်တန်းများတက်ရောက်ရန်နှင့် ဇာတ်တိုက်လေ့ကျင့်မှုများဆောင်ရွက်ရန်၊

(ဆ) ရေနံထွက်ပစ္စည်းသယ်ယူသိုလှောင်ဖြန့်ဖြူးရောင်းချရာတွင် သတိပြုလိုက်နာဆောင်ရွက်ရမည့်အချက်များ (Petroleum Products Handling Process) အား ဝန်ထမ်းများအား သိရှိလိုက်နာဆောင်ရွက်နိုင်ရန်အတွက် တာဝန်ရှိသူများမှ

ဆွေးနွေးခြင်း၊ ပို့ချခြင်း၊ အလွယ်တကူဖတ်ရှု့နိုင်ရန်အတွက် ဖြန့်ဝေခြင်း၊ လုပ်ငန်းခွင်အတွင်း ထင်သာမြင်သာသည့်နေရာများတွင် အလွယ်တကူဖတ်ရှု နိုင်ရန်အတွက် ချိတ်ဆွဲထားခြင်းများဆောင်ရွက်ရန်၊

(ဇ) ဆီတင်ယာဉ်(Bowser)နှင့် ဆီသယ်နောက်ဆက်တွဲယာဉ်(Tank Trailer) များ၏ အများပြည်သူထင်သာမြင်သာသည့် Body များတွင် Speed Control ကပ်ထား ရန်နှင့် မတော်တဆမှုဖြစ်ပွားပါက ဆီအလွယ်တကူယိုဖိတ်မှုမရှိစေရန်အတွက် Manhole Seal နှင့်အဖုံးများကောင်းမွန်စေရေးအမြဲမပြတ်စစ်ဆေး ကြပ်မတ်ရန် အတွက် သတိပြုဆောင်ရွက်ရန်၊

(ဈ) ဝန်ထမ်းများအား လုပ်ငန်းဆောင်ရွက်မှုအလိုက်သက်ဆိုင်ရာ လုပ်ငန်းရှင် ဘေးအန္တရာယ်ကင်းရှင်းရေး စက်သုံးဆီကိုင်တွယ်ထိန်းသိမ်းနည်း အခြေခံ သင်တန်း (PPHP)၊ စက်သုံးဆီသယ်ယာဉ်ကိုင်တွယ်ထိန်းသိမ်းနည်းအခြေခံ သင်တန်း (FBHP) နှင့်အခြေခံမီးသတ်သင်တန်းများတက်ရောက်နိုင်ရေး တင်ပြ ဆောင်ရွက်ရန်၊

(ည) လုပ်ငန်းခွင်လုံခြုံရေးနှင့်ဝန်ထမ်းနှင့် လုပ်ငန်းသုံးပစ္စည်းများလုံခြုံရေးဆိုင်ရာ အရေးပေါ်အခြေအနေများတွင် အချိန်မီတားဆီးဆောင်ရွက်နိုင်ရန်အတွက် ဆက်သွယ်အကြောင်းကြားနိုင်ရန် ဒေသဆိုင်ရာအုပ်ချုပ်မှုအာဏာပိုင်အဖွဲ့ အစည်းများ၊ လုံခြုံရေးဆိုင်ရာအဖွဲ့အစည်းများနှင့် ဌာနဆိုင်ရာအဖွဲ့အစည်းများ၏ တယ်လီဖုန်းနံပါတ်များအား ဝန်ထမ်းများသို့ ဖြန့်ဝေပေးထားခြင်း၊ လုပ်ငန်းခွင် ထင်သာမြင်သာသည့် နေရာများတွင် ထင်ရှားစွာဖော်ပြထားခြင်းများဆောင်ရွက်ရန်၊

(ဋ) လုပ်ငန်းခွင်လုံခြုံရေးနှင့်မီးဘေးလုံခြုံရေးဆိုင်ရာ သတိပေးဆိုင်းဘုတ်များအား ချိတ်ဆွဲထားရှိရန်၊

(ဌ) ဝန်ထမ်းများအား ပြင်ပလူနှင့်လွယ်ကူစွာခွဲခြားသိရှိနိုင်ရန်အတွက် လုပ်ငန်းခွင် အတွင်း တာဝန်ထမ်းဆောင်ချိန်တွင် သတ်မှတ်ထားသည့် တူညီဝတ်စုံ (Uniform) များ ဝတ်ဆင်ဆောင်ရွက်ရန်၊

(ဍ) စက်သုံးဆီအရောင်းဆိုင်များတွင် သတ်မှတ်ထားသည့် 20 Liters စံချင်ခွက် များအား ဝယ်ယူသုံးစွဲသည့် အများပြည်သူမှ အလွယ်တကူချင်တွယ်ဆောင်ရွက် နိုင်သည့် နေရာများတွင်အသင့်ထားရှိရန်

(ဎ) လုပ်ငန်းခွင်အတွင်း အလွယ်တကူ မီးလောင်လွယ်သည့် ပစ္စည်းများအမှိုက်များ မရှိစေရေးအထူးဂရုပြုရန်၊

(ဏ) လုပ်ငန်းခွင်အတွင်း မီးအသုံးပြု၍ စည်းကမ်းမဲ့ချက်ပြုတ်စားသောက်ခြင်းအား တင်းကျပ်စွာတားမြစ်ရန်၊

(တ) ရေနံနှင့်ရေနံထွက်ပစ္စည်းသယ်ယူပို့ဆောင်၊ ဖြန့်ဖြူး၊ ရောင်းချမှုဆိုင်ရာ သတင်းစာရင်းများအား သတ်မှတ်ပုံစံအတိုင်း သတ်မှတ်ချိန်အရောက်ပေးပို့နိုင်ရေး ဂရုပြုဆောင်ရွက်ရန်၊

(ထ) သက်ဆိုင်ရာလုပ်ငန်းလိုင်စင်များအား အချိန်မီသက်တမ်းတိုးမြှင့်နိုင်ရေး အထူးသတိပြုဆောင်ရွက်ရန်၊

(ဒ) လုပ်ငန်းဆိုင်ရာသတ်မှတ်ထားသည့်ပုံစံများအား ပြင်ဆင်ပြောင်းလဲမည်ဆိုပါက သက်ဆိုင်ရာဌာနများသို့ ကြိုတင်ခွင့်ပြုချက်ရယူဆောင်ရွက်ရန်၊

(ဓ) စက်သုံးဆီအရောင်းဆိုင်လုပ်ငန်းများသည် ၂၄ နာရီဖွင့်လှစ်ရောင်းချရသည့် လုပ်ငန်းဖြစ်သောကြောင့်အကြောင်းအမျိုးမျိုးဖြင့် ယာယီပိတ်သိမ်းမည်ဆိုပါက အကျိုးအကြောင်းဖော်ပြ၍ ကြိုတင်ခွင့်ပြုချက်တောင်းခံရန်၊

(န) လုပ်ငန်းဆိုင်ရာကိစ္စရပ်များနှင့်ပတ်သက်၍တင်ပြခြင်း၊ ဆွေးနွေးခြင်းများ ဆောင်ရွက်နိုင်ရန်အတွက် သက်ဆိုင်ရာ Viber Group အတွင်းသို့ လုပ်ငန်းရှင် (သို့) တာဝန်ရှိသူများမှ ဝင်ရောက်ပူးပေါင်းပါဝင်ရန်၊

(ပ) လုပ်ငန်းခွင်တွင်တာဝန်ထမ်းဆောင်သည့် ဝန်ထမ်းအင်အားစာရင်းအားတင်ပြရန်။

၂။ မီးဘေးလုံခြုံရေးနှင့် ဘေးအန္တရာယ်ကင်းရှင်းရေးဆိုင်ရာ သင်တန်းများတက်ရောက်နိုင်ရန်နှင့် လုပ်ငန်းဆောင်ရွက်ရာတွင် အခက်အခဲများရှိပါကသက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ်ကြီးကြပ်စစ်ဆေးရေးအရာရှိရုံးများနှင့် ဆက်သွယ်ဆောင်ရွက်နိုင်ပါရန် အသိပေးနှိုးဆော်အပ်ပါသည်။

**ရေနံထွက်ပစ္စည်းကြီးကြပ်စစ်ဆေးရေးဦးစီးဌာန**